# THAILAND

1 – 17 May 2019

Media Monitoring report # 205

## စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှု

### ကွန်ပျူတာနှင့်နည်းပညာတက္ကသိုလ်များမှ ထူးချွန်ကျောင်းသူ ကျောင်းသားများကိုတရုတ်နိုင်ငံHuawei ရုံးချုပ်တွင် ICT နည်းပညာများ လေ့လာရန် ရွေးချယ်

Myanmar Business Today, 15 May 2019

Huawei မှ ပြုလုပ်သည့် Seeds for the Future အစီအစဉ်အရ မြန်မာနိုင်ငံတဝန်းရှိ ကွန်ပျူတာနှင့်နည်းပညာတက္ကသိုလ်များမှ ထူးချွန်ကျောင်းသား ၊ ကျောင်းသူ (၁၀) ဦးကို တရုတ်နိုင်ငံ၊ ရန်ကုန်မြို့ရှိ Huawei ရုံးချုပ်တွင် ICT နည်းပညာများ လေ့လာရန် တတိယအကြိမ်မြောက် ရွေးချယ်ခဲ့ကြောင်း သိရသည်။




ရွေးချယ်ခံရသည့်ကျောင်းသား၊ ကျောင်းသူ များသည် တရုတ်နိုင်ငံသို့ မေလ ၄ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ၂ ပတ်အကြာ သွား ရောက်ရမည်ဖြစ်ပြီး ပထမတစ်ပတ်တာကာ လအတွင်း ပေကျင်းတွင် ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ကြကာ ကျန်ရှိသည့် တပတ်တာ ကာလအတွင်း 5G ၊ LTE နှင့် cloud computing ကဲ့သို့ နောက်ဆုံးပေါ် နည်းပညာများကို ရှန်းကျန်းမြို့ရှိ Huawei ရုံးချုပ်၌ လေ့လာရမည် ဖြစ်သည်။

Seeds for the Future သည် နိုင်ငံတွင်း ICT အလားအလာရှိသူများမွေးထုတ်ရေး၊ အသိပညာဗဟုသုတ ဖလှယ်မှုမြှင့်တင်ရေး၊ ICT နယ်ပယ်အပေါ် နိုင်ငံသားများ၏ နားလည်မှုနှင့် စိတ်ပါဝင်စားမှု တိုးမြှင့်ရေး၊ သက်ဆိုင်ရာနယ်မြေအလိုက် ဒစ်ဂျစ်တယ် လူမှုပတ်ဝန်းကျင် တည်ဆောက်ရေးကို တွန်းအားပေးရေးနှင့် ပါဝင်ဆောင်ရွက်မှု မြင့်တက်လာစေရေး ရည်မှန်းချက်များဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်အထိ မြန်မာကျောင်းသား၊ ကျောင်းသူ ၃၀ ဦး အပါအဝင် ကမ္ဘာအနှံ့အပြားရှိ တက္ကသိုလ်ပေါင်း ၄၀၀ ကျော်မှ နိုင်ငံတကာကျောင်း သား၊ ကျောင်းသူပေါင်း ၄,၅၀၀ ကျော် ပါဝင်ပြီးဖြစ်သည်။

"အခုအခွင့်အရေးက တစ်ဦးတစ်ယောက်ချင်းဆီအတွက်လည်း အကျိုးရှိစေမှာပါ။ တစ်ဦးတစ်ယောက်ချင်း တိုးတက်ရာကနေ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေပိုပြီးဖွံ့ဖြိုးလာဖို့ ကူညီနိုင်လာမယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေကိုရော မြန်မာတက္ကသိုလ်တွေကိုပါ အခွင့်အရေးတွေရရှိစေမယ့် ဒီအစီအစဉ်ကို ဆောင်ရွက်ပေးတဲ့ Huawei ကို ကျေးဇူးအထူးတင်ပါတယ်။ ဒါက အနာဂတ်မှာ အရမ်းကို

အကူအညီ ဖြစ်လာမယ်ဆိုတာ အသေအချာပါပဲ” ဟု ပါမောက္ခများကော်မတီ၏ ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာဇော်ဝေစိုးက ထပ်မံဖြည့်စွက် ပြောသည်။

Huawei က HAINA (Huawei Authorized Information and Network Academy) အစီအစဉ်၊ မြန်မာနိုင်ငံတဝန်းရှိ ကွန်ပျူတာနှင့် နည်းပညာ တက္ကသိုလ်များမှ ထူးချွန်ကျောင်းသားကျောင်းသူ ၅၀ ဦးကို ၎င်း၏ ပညာရေးလမ်းကြောင်းဖြောင့်ဖြူးစွာ ဆက်လက်လျှောက်လှမ်းနိုင်စေရန် ပညာသင်ဆုများပေး အပ်နေသည့် Huawei ICT Development Talent Scholarship အစီအစဉ်၊ Seeds for the Future အစီအစဉ် နှင့် ကမ္ဘာ့ဦးဆောင် ICT ကုမ္ပဏီတွင် လုပ်ငန်းအတွေ့အကြုံများ ရယူနိုင်စေရန် Huawei Myanmar တွင် အလုပ်သင် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

https://www.mmbiztoday.com/articles/huawei-myanmar-sends-outstanding-students-its-china-hq

## တောင်သူများအတွက် အကျိုးတူလယ်ယာစနစ်ပီပြင်လာရန် လိုအပ်နေ

Myanmar Times, 10 May 2019

လုပ်ကွက်ငယ်တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကိုကူညီဖြေရှင်းပေးနိုင်ရန်အတွက် အကျိုးတူလယ်ယာစနစ်(Contract Farming)ပီပီပြင်ပြင်ဖြစ်ပေါ်လာရန် လိုအပ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော် ကပြောသည်။



အများစုဖြစ်သော လုပ်ကွက်ငယ်တောင်သူများမှာ သီးနှံထုတ် လုပ်မှုတိုးတက်စေရန်အတွက် ငွေကြေးအရင်းအနှီး၊ ထုတ်လုပ်မှုနည်းပညာ၊ သတင်းအချက်အလက်လက်လှမ်းမီမှု အကန့်အသတ်၊ ထွက်ကုန်အရည်အသွေးပိုင်းဆိုင်ရာလိုအပ်ချက်နှင့် ဈေးကွက်အခွင့်အလမ်းရရှိနိုင်မှုတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း နေပြည်တော်တွင် မေ ၉ ရက်နေ့ကကျင်းပသည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဖော် ဆောင်ရေး ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများကပြောဆို ဆွေးနွေး ကြသည်။

ပိုထိရောက်သောကန်ထရိုက်လယ်ယာစနစ်ဖြစ်ပေါ်ရေးအတွက် တောင်သူ၊ကုန်သည်အဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများကထိန်းကျောင်း/လိုက်နာ ဆောင်ရွက် သွားရမည့် လုပ်ငန်းစဉ်(Standard Operating Procedure-SOP) မူကြမ်းတစ်ရပ်ပေါ်ထွက်လာရန်လည်း ၎င်းကတိုက် တွန်းသွားခဲ့သည်။

မြန်မာနိုင်ငံတွင် အကျိုးတူလယ်ယာစနစ်ကို လုပ်ငန်းရှင်များနှင့်တောင်သူများ အလျဉ်းသင့်သလိုဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသော်လည်း အချင်းချင်းထိန်းကျောင်း/လိုက်နာရမည့်လုပ်ငန်းစဉ်(SOP)မရှိသေးသဖြင့် အကျိုးတူလယ် ယာစနစ်မှာ အားကောင်း လာခြင်းမရှိသေးပေ။

ထို့အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးမှ သီးနှံ ၉ မျိုးအတွက် အပြန်အလှန်ထိန်းကျောင်း နိုင်စွမ်းရှိစေမည့် ကန်ထရိုက်လယ်ယာစနစ်ဆိုင်ရာ စာချုပ်မူကြမ်းများပြုစုရေးဆွဲ သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။ဆန်စပါး၊ ပြောင်း၊ ကြံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်တို့ပါဝင်ပြီး နို့စားနွားလည်းပါဝင်ကြောင်းသိရသည်။ အကျိုးတူစာ ချုပ်တွင် ဈေးနှုန်းပိုင်းဆိုင်ရာ၊ အရည်အသွေးစံချိန်စံ ညွှန်းပိုင်းဆိုင်ရာ၊ အပြန်အလှန်ကတိကဝတ်ပိုင်းဆိုင်ရာ၊ အငြင်းပွားမှုဖြေရှင်းရေးပိုင်းဆိုင်ရာများကို ထည့်သွင်းရေးဆွဲသွားရန်ရှိ ကြောင်းလည်းပြောသည်။ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်

အတွက်လည်း ကန်ထရိုက်လယ်ယာစာချုပ်တွင် အစိုးရပိုင်းမှပါ ပါဝင်ရန်လိုကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ အထူးသဖြင့် မြို့နယ်အဆင့်မှ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဥပဒေအကြံ ပေးတို့ပါဝင်ရန် လိုအပ်လျက်ရှိနေသည်ဟုဆိုသည်။

https://www.mmtimes.com/news/contract-farming-help-farmers-deal-challenges.html

## အမေရိကန် ရင်းနှီးမြှုပ်နှံမှုများသည် ITကဏ္ဍ၌ ပိုမို အာရုံစိုက်လာဖွယ်ရှိ

Myanmar Business Today, 15 May 2019

မြန်မာပြည်ကို ဝင်ရောက်မည့် အမေရိကန် ရင်းနှီး မြှုပ်နှံမှုများသည် ITကဏ္ဍ၌ ပိုမို အာရုံစိုက်လာ ဖွယ်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှု ဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ပြီးခဲ့သည့် ဧပြီ(၁၀)ရက် အမေရိကန် ကုမ္ပဏီကိုးခုက မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများပူး ပေါင်းဆောင်ရွက်ရန် မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေးတွေ့ဆုံဆွေးနွေး မည့်ပွဲမတိုင်မီ ITကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အခြေအနေများမေးမြန်းမှုအပေါ် ရှင်းပြခဲ့သည်ဟု ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆိုသည်။




ဧပြီ (၁၀) ရက်က ဆွေးနွေးပွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေဆိုးရေညစ်သန့်စင်ခြင်းလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ မီဒီယာလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ ဖိနပ်ထုတ်လုပ်သည့်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း များအကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

လက်ရှိ အချိန်အထိ နိုင်ငံအတွင်း IT ကဏ္ဍ၌နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ထားမှုမှာ လုပ်ငန်းပေါင်း (၂၆) ခု၊ ကန်ဒေါ်လာ (၈) ဘီလီ ယံအထိရှိကြောင်း အဆိုပါ ဌာနမှ သိရသည်။

https://www.mmbiztoday.com/articles/myanmar-s-it-sector-likely-attract-us-investors-attention

## အခြေခံ စပါးဈေးနှုန်းကို နှစ်စဉ်ပြောင်းလဲသတ်မှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

Myanmar Business Today, 7 May 2019



စပါးစိုက်တောင်သူများနှင့် ဝယ်ယူစားသုံးသည့် ပြည်သူများ မနစ်နာစေရန် အခြေခံ စပါးဈေးနှုန်းကို နှစ်စဉ်ပြောင်းလဲ သတ်မှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါအတိုင်း ပြောကြားခဲ့ပြီး လက်ရှိတွင် ဆန်ဈေးနှုန်းအတက်အကျကို ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်

စပါးအသင်းချုပ်မှ ပူးပေါင်းပြီး ဈေးကွက်နှင့် ဈေးနှုန်း ဆိုင်ရာသုံးသပ်ရေး အကြံပြုလုပ်ငန်း ကော်မတီကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဖွဲ့စည်းထားတဲ့ ကော်မတီက ဆန် အတက်အကျကို ထိန်းကျောင်းဖို့ ၊ တောင်သူ တွေရဲ့ဘဝ တိုးတက်စေရေးကို အမြဲလေ့လာ ဆောင်ရွက်နေပါတယ် ။ စပါးစိုက်ပျိုးတဲ့အခါ မှာ ကုန်ကျစရိတ်ကို ကာမိရုံသာမက အမြတ်အစွန်းရတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ဖို့အတွက် လိုအပ်ပါတယ်။ စပါးဈေးနှုန်းနဲ့ ပတ် သက်ပြီး ထုတ်လုပ်သူတွေ အကျိုးအမြတ်ရဖို့ စားသုံးသူတွေ မနစ်နာစေဖို့အတွက် နှစ်စဉ်အခြေခံ ဈေးနှုန်းကို သတ်မှတ်ဖို့ ဆောင်ရွက်နေတာ တွေရှိပါတယ်"ဟု ဒုတိယဝန်ကြီး ဦးလှကျော် က ပြောသည်။

၂၀၁၈ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ဆန် စပါးအသင်းချုပ်သည် အခြေခံစပါးဈေးနှုန်း ကို တင်းတစ်ရာလျှင် ငါးသိန်းကျပ်အဖြစ် သတ်မှတ်ခဲ့ပြီး၂၀၁၉ ခုနှစ်အတွက် အခြေခံဈေးနှုန်းကို မသတ်မှတ်သေးသ၍ လက်ရှိ ဈေးနှုန်းအတိုင်း သက်ရောက်မှုရှိမည်ဖြစ် ကြောင်း သိရသည်။

စပါးဈေးနှုန်းများသည် ကောက်ရိတ် သိမ်းချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိခြင်း ကြောင့် ဆန်စပါးအသင်းချုပ်အနေဖြင့် တောင်သူလယ်သမားများကို ကာကွယ်နိုင် ပေးနိုင်ရန်အတွက် ယခုကဲ့သို့ အခြေခံဈေး နှုန်းကို သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ ၂၀၁၉ခုနှစ် မတ်လ (၂၉) ရက်နေ့အထိ ၁၂ လတာ ကာလအတွင်း နိုင်ငံပေါင်း (၅၂) နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မက် ထရစ်တန် ၁.၁သန်း တန်၊ ပယ်လယ်ရေ ကြောင်းမှ တစ်ဆင့် မက်ထရစ်တန် ၁ ဒသမ ၃သန်း တန် စုစုပေါင်း ဆန်တင်ပို့မှုမှာ ၂ ဒသမ ၃သန်းကျော် တင်ပို့နိုင်ခဲ့ပြီးကန် ဒေါ်လာ ၇၇၈သန်း အထိ ရရှိခဲ့ကြောင်း သိရသည်။

https://www.mmbiztoday.com/articles/myanmar-revise-price-floor-rice-yearly-basis

**<u>ဟံသာဝတီလေဆိပ်ကို ဂျပန်အကူအညီဖြင့် ဆက်ဆောက်မည်</u>**

Myanmar Times, 15 May 2019

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည် ဆောက်ရေးဂျပန်နိုင်ငံ၏အကူအညီဖြင့် ဆက် လက်ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း ပို့ ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအမြဲ တမ်းအတွင်းဝန် ဦးဝင်းခန့်က ပြောသည်။




"ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်က လည်း မရှိမဖြစ်လိုအပ်တဲ့ လေယာဉ်ကွင်း ဖြစ်တဲ့ အတွက် ဂျပန်နိုင်ငံအကူအညီနဲ့ ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက် အပြင်းအထန်ကြိုးပမ်း ပြီးတော့ ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင် မေ ၁၃ ရက်က ကျင်းပသော အစိုးရ၏ တတိယနှစ် အတွင်း ဆောင် ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာ ရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆို ပါဝန်ကြီးဌာန သည် ဟံသာဝတီလေဆိပ်ကို ဂျပန်ချေးငွေဖြင့် ဆက်လက် အကောင်အထည်ဖော်ရန် ကြိုးပမ်းနေခြင်း ဖြစ်ပြီး ဂျပန်နိုင် ငံ မြေယာအခြေခံ အဆောက်အအုံ၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းနေခြင်း ဖြစ်ကြောင်း လက်ထောက် အမြဲတမ်းအတွင်းဝန် ဦးအောင်ရဲထွန်းက ပြောသည်။

'လောလောဆယ်တော့ ဂျပန်နိုင်ငံရဲ့ ချေးငွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်မှာပေါ့။ အဲဒီတော့ feasible study လုပ်မယ်။ အဖြေရပြီဆိုရင် ကျွန်တော်တို့ ပြောပါမယ်"ဟု ဦးအောင်ရဲထွန်းက ပြောသည်။လက်ရှိတွင် ပထမဆုံး PPP ဆောင်ရွက်မှုအဖြစ် ဟံသာဝတီ၊ မော်လမြိုင်နှင့် ကော့သောင်းလေဆိပ်များကို အကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူထားပြီး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ပြောသည်။ ထို့ပြင် မူဆယ်လေဆိပ် ဖွံ့ဖြိုးရေးစီမံကိန်း အတွက်လည်း တင်ဒါခေါ်ယူ ထားရာ ကုမ္ပဏီခြောက်ခုကို ပဏာမ ရွေးချယ်ထားပြီး ဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ အဖြစ် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်သုံးခု ရှိနေပြီး ခရီးသည်ဝင် ရောက်မှုသည်လည်း တိုးတက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်က ခရီးသည် ၉ ဒသမ၂၆ သန်းသာ ဝင်ရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင်မူ ဆယ်သန်းနီးပါး ဝင်ရောက်လာကြောင်း အမြဲတမ်း အတွင်းဝန်က ပြောသည်။

https://www.mmtimes.com/news/govt-still-keen-build-international-airport-bago.html

## မွန်ပြည်နယ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၄၅၀၀၀ ခန့်လျာထား

Mon News Agency, 15 May 2019

မွန်ပြည်နယ်တွင် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၄၅၀၀၀ ခန့် ထုတ်ချေးပေးရန်လျာထား ကြောင်းမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်( မွန်ပြည်နယ်ဘဏ်ခွဲ) မှ သိရသည်။



စိုက်ပျိုးစရိတ်ချေးငွေကို မေလ ၆ ရက်နေ့မှ ဩဂုတ်လကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တောင်သူများ အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ- ၇) မူရင်းကို စိုက်ပျိုးစရိတ်ချေး ငွေမကြေမခြင်း ဘဏ်မှာ အပ်နှံထားရမည်ဖြစ် ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ် (မွန်ပြည်နယ်ဘဏ်ခွဲ) မန်နေဂျာ ဦးကျော်စွာ လှိုင်က ပြောသည်။

"စိုက်ချိန်ပျိုးချိန်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လာပေးတဲ့အတွက် တောင်သူတွေ အပြင်ကနေ ချေးငွေ မယူရတဲ့အတွက် သက်သာသွားတဲ့ပေါ့နော်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း မြန်မာနိုင် ငံမှာ ဒီလို အတိုးနှုန်းနဲ့ချေးပေးတော့ တောင်သူတွေက ဒီချေးငွေတွေကို ကောင်းကောင်းမွန်မွန်နဲ့အသုံးပြုနိုင်မယ်ဆိုရင် သူတို့ရဲ့လယ်ယာ လုပ်ငန်းခွင်မှာ အများကြီးထိရောက်နိုင်တယ်"ဟု ၎င်းက ဆိုသည်။

လယ်မြေတစ်ဧကကို ငွေကျပ် ၁ သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ အခြားစိုက်ပျိုးသီးနှံအတွက် တစ်ဧကကို ငွေကျပ် ၁ သိန်းနှုန်းဖြင့် လည်းကောင်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တောင်သူတစ်ဦးကို စိုက်ပျိုးမြေဧက ၁၀ ဧကအထိ ထုတ်ချေးနိုင်ကြောင်း၊ ငွေကျပ် ၁၀၀ ကို တစ်လအတွက် အတိုး ၆၇ ပြားပေးသွင်းရမည်ဖြစ်ပြီး သီးနှံစပါးပေါ်ချိန်ပြန်ဆပ်သည့်အခါ တိုးရင်းပေါင်းကာ ပြန်လည်ပေး ဆပ်ရမည် ဖြစ်သည်။

သို့ရာတွင် စိုက်ပျိုးလယ်တစ်ဧကကို ငွေကျပ် ၁ သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးခြင်းသည် စိုက်ပျိုးစရိတ်ချေးငွေအတွက် လုံလောက်မှုမရှိကြောင်း လယ် ၁၆ ဧက ပိုင်ရှင် ဦးရာဂျားက ပြောသည်။

"မော်လမြိုင်မြို့နယ်က လယ်မြေသားနဲ့ ပေါင်မြို့နယ်က လယ်မြေသားနဲ့ မတူဘူး။ မော်လမြိုင်မှာက ကုန်းမြေဖြစ်နေတော့ လုပ်ရတာစရိတ်များတယ်။ တစ်ဧကကို အနည်းဆုံး ၂ သိန်း ၃ သိန်းဝန်းကျင်လောက်မှ စိတ်တိုင်းကျဖြစ်မယ်"ဟု ဦးရာဂျားက ဆိုသည်။

မွန်ပြည်နယ်တွင် မိုးစပါးစိုက်ပျိုးလယ်ဧက ၇ သိန်းရှိသည့်အနက် လယ်ဧက ၄ သိန်းခန့်က စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခဲ့ ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီစိုက်ပျိုးရိတ်ချေးငွေ ကျပ်သန်းပေါင်း ၄၂၀၀၀ ကျော်ထုတ်ချေးပေးခဲ့ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ( မွန်ပြည်နယ်ဘဏ်ခွဲ) ထံမှ သိရသည်။

http://monnews.org/2019/05/15/mon-state-allocates-45000-million-kyat-for-agriculture-in-the-monsoon-season/

## မြေနှင့်ပစ္စည်းဥစ္စာ

**<u>လယ်ယာမြေများပေါ်တွင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေသည့် အခြေအနေကို အစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်မည်</u>**

Myanmar Business Today, 15 May 2019

လယ်ယာမြေများပေါ်တွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အခြေအနေကို အစိုးရအနေဖြင့် ဖြေရှင်းရန် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးထံသို့ တင်ပြဆောင်ရွက်ထားရှိပြီးဖြစ်ပြီး မကြာမီကာလ အတွင်း၌ ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်အသေး စိတ်ထွက်ရှိလာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးမွေး မြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။



မေလ၄ရက်နေ့တွင် ပြုလုပ်သည့် မွေးမြူ ရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် တာဝန်ရှိသူတစ်ဦးက ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများ ရင်ဆိုင်နေရသော မြေယာပြဿနာအခက်ခဲများမှာ ၂၀၁၂ ခုနှစ်အတွင်းထွက်ရှိသော တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေး ဥပဒေပါ အချက်ဖြစ်သော လယ်ယာမြေများတွင် လယ်ယာလုပ်ကိုင်ခြင်းမှလွဲ၍ အခြားမည်သည့်လုပ်ငန်းမှ လုပ်ကိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည့်အတွက် လယ်ယာမြေများတွင် လုပ်ကိုင်လျက်ရှိနေသော မွေးမြူရေးလုပ်ငန်းများမှာ အခက်ခဲများဖြစ်ပေါ်လျက်ရှိနေခြင်းဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင် များကပြောကြားသည်။

မွေးမြူရေးလုပ်ငန်းရှင်များ ဖွဲ့ထားသည့် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းရှင်အဖွဲ့ချုပ်ကလည်း မွေးမြူရေးအတွက် မြေယာအသုံး ချခွင့်လျှောက်ထားရေး လုပ်ငန်းစဉ်ကို လွယ်ကူမှုရှိစေရန် တင်ပြတောင်းဆိုမည်ဖြစ်ကြောင်း သိရသည်။

https://www.mmbiztoday.com/articles/myanmar-government-plans-address-land-use-issues-livestock-breeders

# ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

## တပ်မတော်နှင့် KNU ခေါင်းဆောင်များ ရန်ကုန်တွင် အလွတ်သဘောတွေ့ဆုံ

The Irrawaddy, 15 May 2019

ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်များနှင့် တပ်မတော်ကာကွယ်ရေးဦးချုပ်တို့ မေလ ၁၁ ရက်က ရန်ကုန်မြို့၌ တွေ့ဆုံမှုသည် အလွတ်သဘောနှင့်ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံမှုဖြစ်သော်လည်း နှစ်ဖက်ပုံမှန်အစည်းအဝေး များ ဆက်လက်ပြုလုပ်နိုင် ရေးဦးတည်ကြောင်း KNU ဒုတိယ ဥက္ကဋ္ဌ က ဆိုသည်။



KNU ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်း အဆို အရ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင် တို့ကြား အလွတ်သဘော တွေ့ဆုံမှုသည် တပ်မတော် ၏ ဖိတ်ကြားချက်အရ တွေ့ဆုံခြင်းဖြစ်ကြောင်း သိရ သည်။

KNU နှင့်တပ်မတော်ကြား ဆက်ဆံရေးနှင့် ပတ် သက်ပီး ယေဘုယျအားဖြင့် ကောင်းမွန်သည် ဟု ပြော၍ရသော် လည်း အလုံးစုံမဟုတ်ဘဲ အချို့နယ်ပယ်များတွင် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် လိုနေသေး ကြောင်း ၎င်းက ဆိုသည်။

ဆွေးနွေးပွဲများ ရပ်တန့်နေခြင်းသည်လည်း ၂၀၁၈ ခုနှစ် မတ်လတွင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၌ KNU ထိန်းချုပ်နယ်မြေအတွင်း လမ်းဖောင်းမွမ်းမံရေးကိစ္စနှင့်ပတ်သက်၍ KNU နှင့်အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ ခြင်းနှင့် အောက်တိုဘာလတွင် ပုံမှန်ငြိမ်းချမ်းရေးလုပ်ငန်းမှ ဆိုင်းငံ့ထားရန် KNU က ဆုံးဖြတ်ချက်ချပြီးကတည်းက ဖြစ်သည်။

နောက်ဆုံးတွေ့ဆုံမှုအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရပ်တန့်နေခြင်းနှင့် ပတ်သက်သော အခြား NCA လက်မှတ်ထိုး ထားသည့် အဖွဲ့များ၏ အမြင်သဘောထားများကိုလည်း တပ်ချုပ်နှင့် ပြောဆိုခဲ့သည်ဟု ဖဒိုကွယ်ထူးဝင်းက ဆိုသည်။

"အပစ်အခတ်ရပ်စဲရေးခိုင်မာရေးကိစ္စတို့ နိုင်ငံရေးဆွေးနွေးပွဲတွင် ဆက်လုပ်နိုင်ဖို့ (လိုအပ်ချက်)ကို ပြောဖြစ်ပါတယ်။ သူ(တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) တို့ကလည်း ဒါကို နိုင်ငံရေးဆွေးနွေးပွဲတော့ ဆက်လုပ်ရမယ်" ဆိုတဲ့ အလားတူသဘော ထားအမြင်ကို ဖလှယ်ခဲ့ပါတယ် ဟု ဖဒိုကွယ်ထူးဝင်းက ဆိုသည်။

https://www.irrawaddy.com/news/burma/military-knu-leaders-hold-informal-talks-yangon.html

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိမ်းစောင်းနေပြီဟု KNU ဆို

The Irrawaddy, 16 May 2019

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးဖြစ်စဉ် လမ်းကြောင်း တိမ်းစောင်း နေပြီဟု ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုးက တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ၏ ထိပ်သီး အစည်းအဝေးအတွင်း ပြောဆိုခဲ့သည်။ KNU သည် NCA ထိုးထားသည့်အဖွဲ့ တဖွဲ့ဖြစ်ပြီး NCA ပါ လုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် အနာဂတ် ဒီမိုကရက်တစ် ဖယ်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် ညှိနှိုင်းမှုများတွင် ဦးဆောင်ပါဝင်နေသောအဖွဲ့အစည်း ဖြစ်သည်။



ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) ၏ ၅ ရက်ကြာ ကျင်းပသည့် ထိပ်သီးညီလာခံတွင် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်ပြီး၊ EAO အဖွဲ့အချို့ကလည်း ထိုသို့ တသဘောတည်း မြင်ကြောင်း ဆိုသည်။ အဆိုပါအစည်းအဝေးသည် အစိုးရက အခြား EAOs များ အထူးသဖြင့် အရှေ့မြောက်ပိုင်း အခြေစိုက် အဖွဲ့များကို NCA တွင် ပါဝင်လက်မှတ်ထိုးရေး ကြိုးစားစည်းရုံးနေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

မေလ ၁၄ ရက်မှ ၁၈ ရက်အထိ NCA လက်မှတ်ထိုးထားသည့်အဖွဲ့ ၁၀ ဖွဲ့၏ ၄ကြိမ်မြောက် ထိပ်သီးညီလာခံသို့ ကိုယ်စားလှယ် တရာနီးပါးခန့် တက်ရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လက်ရှိရင်ဆိုင်နေရသော အကျပ်အတည်းများ ကျော်လွှားနိုင်ရေး နည်းလမ်းရှာဖွေနိုင်ရန် စုစည်းဆွေးနွေးခဲ့ကြသည်။

NCA လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့နှစ်ဖွဲ့ဖြစ်သော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့မှ ကိုယ်စားလှယ်များလည်း အဆိုပါ ထိပ်သီးညီလာခံသို့ လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ၏ ဖွဲ့စည်းပုံကိုလည်း ပြန်လည်သုံးသပ်သည်။ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက ဥက္ကဋ္ဌ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်က ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် PPST အဖွဲ့ကို ၂၀၁၆ ခုနှစ်၊ မတ်လက နိုင်ငံရေးဆွေးနွေးညှိနှိုင်းရန် ဖွဲ့စည်းခဲ့သည်။

ပြီးခဲ့သည့် မတ်လတွင် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက PPST ဦးဆောင်မှုမှ အနားယူခဲ့ပြီး အဆိုပါအဖွဲ့ကို ယခုအခါ ဗိုလ်ချုပ်ကြီးယွက်စစ်က ယာယီဦးဆောင်နေသည်။

၎င်းက NLD လက်ထက် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ ၃ ကြိမ်ခေါ်ယူခဲ့ပြီး ဖြစ်လင့်ကစား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နေးကွေးနေရခြင်းသည် ဘက်ပေါင်းစုံမှ စေ့စပ်ညှိနှိုင်းသူများ အနေဖြင့် ၎င်းတို့မူဝါဒများကိုသာ အသေဆုပ်ကိုင်ထားပြီး အပြန်အလှန်လိုက်လျောရန် ဆန္ဒမရှိသည့်အတွက် ဖြစ်သည်ဟု ဆိုသည်။

https://www.irrawaddy.com/opinion/analysis/peace-process-foundering-knu-chief-tells-eaos.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.